
# Good Luck


by Alex Rovira and Fernando Trias de Bes

# ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ

နိုင်းနိုင်းစနေ



(ဘာသာပြန်)



mgyoe.com SAMPLE BOOK

ဂျပန်တွေရဲ့ အဆိုက
အရွက် (၄)ရွက်ပါတဲ့ MAGIC CLOVER အရွက်တစ်ရွက်တိုင်းမှာ
ကိုယ်စားပြု တစ်ခုစီ ပါကြတယ်။ (၄)ရွက်မှာ ပထမတစ်ရွက်က အချစ်၊
ဒုတိယအရွက်က မျှော်လင့်ချက်၊ တတိယအရွက်ကယုံကြည်မှုနဲ့
အပိုပါလာတဲ့ စတုတ္ထအရွက်က ကံကောင်းခြင်းကို ကိုယ်စားပြုတယ်လို့
ဆိုကြပါတယ်။

ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ
9 782023 000366

mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၃၆)

## ပုံနှိပ်မှတ်တမ်း

စာမူ မူပိုင် - စာရိပ်မြိုင်



# နိုင်းနိုင်းစနေ

## ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ


ထုတ်ဝေသည့်အကြိမ် ♦ တတိယအကြိမ်၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ Youn illustration

အတွင်းဒီဇိုင်း ♦ ခိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၂၀၀၀

စာအုပ်တန်ဖိုး ♦ ၄၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

နိုင်းနိုင်းစနေ
ကံကောင်းခြင်းတွေ တံခါးလာခေါက်တဲ့အခါ / နိုင်းနိုင်းစနေ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၁၂၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၃၆) ကံကောင်းခြင်းတွေ တံခါးလာခေါက်တဲ့အခါ


mgyoe.com

mgyoe.com SAMPLE BOOK

## ၂၀၂၂ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

၁

**ပျိုး**

အညာရယ် အလွမ်းရယ် မိချောရယ်



၂

**မယ်စု**

အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး



၃

**နိုင်းနိုင်းစနေ**


နောက်ဆုံးနတ်သူငယ်



၄

**လင်းရောင်နီ(စဘေး)**

ရိုးရာနှင့် အညာဓလေ့ဝတ္ထုတိုများ



၅

**တင်မောင်မြင့်**

အချစ်ရိုင်းရဲ့ အရိုင်းချစ်



၆

**မိုင်ရာ**

တစ္ဆေသည်ရဲ့ သန်းခေါင်ယံ



၇

**မိုးစက်ငြိမ်း**


စိတ်အတွက် ဖတ်စာ



၈

**လူခါး**


ဦးအောင်သင်းကို မော့ကြည့်ခြင်း



၉

**နိုင်းနိုင်းစနေ**

တစ်သက်တာအဖော်



၁၀

**ခင်သန္တာ**

မလွန်ခင်လေး လွမ်းရအောင်



mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## ၂၀၂၂ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

၁၁

**ဆွေဇင်နေမင်း**

ခေါင်မိုးများ





၁၄

**ခင်မြဇင်**

ဆည်းဆာချိန်
တိမ်နီများ

၁၂

**ဝါဝါတင့်ဆွေ**

အက်ဒ်ဒီ





၁၅


**ရှူးရှုမေ**


ခွင့်လွှတ်ခြင်းဖြင့်
လွတ်မြောက်ခြင်း

၁၃

**နေထွန်းလင်း**

ငါ့ဘဝအတွက်
ငါ လုပ်နိုင်တယ်





၁၆

**နဒီလင်းသစ်**ဆေး-၂

အိပ်ထောင့်သုခ



၁၇

**ရွှေဥဒေါင်း**

ပထမ ဆရာသိန်း


mgyoe.com

mgyoe.com SAMPLE BOOK

## ၂၀၂၃ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

၁၈
**နိုင်းနိုင်းစနေ**
နှလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း





၂၃
**ညီလေးငယ်**
အဝါရောင် ကောင်းကင်

၁၉
**ကိုလေးမြတ်**
ကားဂိတ်





၂၄
**ပျိုး**
ဖယောင်း ဥယျာဉ်

၂၀
**လင်းရောင်နီ(စေတော)**
ဒေါင်းမြရိ






၂၅
**သက်ပိုင်မြန်မာမြန်**
သမီးရတနာ


၂၁
**ရွှေဥဒေါင်း**
စစ်ရှုံးသူ





၂၆
**နိုင်းနိုင်းစနေ**
ပျော်ရွှင်ဖို့ ဒီလောက် မခက်ခဲပါစေနဲ့

၂၂
**နိုင်းနိုင်းစနေ**
နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ





၂၇
**ထက်ဘုန်းရှိန်**
မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ

mgyoe.com


mgyoe.com SAMPLE BOOK


## ၂၀၂၃ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

၂၈

**နိုင်းနိုင်းစနေ**

မသွားရရင် သေနိုင်တယ်





၃၂

**ညို့ထွန်းလူ**

ငါတို့ ရှာပြန်ကြရအောင်

၂၉

**ဒေါက်တာအောင်ဆေး-၂**

အတွေးတို့၏ ဆွဲငင်အား





၃၃


**လင်းရောင်နီ၊စဝေ၊**

ရွှေလွန်းပျံ ဘယ်ညာခတ်ပါလို့

၃၀

**သစ်ခက်အိမ်**

ဘာညာကွိကွ





၃၄


**စိုးဘားဒိုင်**

မျက်ကွယ်မြစ်

၃၁

**ဝေ၊စိုးပွားရေးတက္ကသိုလ်၊**

ဆုးဖယ်လက်





၃၅

**ရွှေဥဒေါင်း**

ရှုပနန့်

ရှုပကလျာထိ



၃၆

**နိုင်းနိုင်းစနေ**

ကံကောင်းခြင်း

တံခါးလာခေါက်တဲ့အခါ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


◆ အခန်း (၁)

မမျှော်လင့်ဘဲ တွေ့ဆုံခြင်း ၁၁

◆ အခန်း (၂)

ထူးခြားဆန်းကြယ်တဲ့ Magic Clover (ကံကောင်းခြင်းအပင်)

၁။ မာလင် (Merlin) မှ စစ်သည်တော်သို့ စိန်ခေါ်ခြင်း ၂၄

၂။ မြေစောင့်နတ်၊ လောကနတ်သား ၂၉

၃။ ရေကန်စောင့်နတ်သမီး ၃၈

၄။ တောဘုရင်မ စကော်ရာ (Sequoia) ၄၈

၅။ စတုံး (Ston) ကျောက်နတ်ဘုရားမ ၅၇

၆။ စစ်သည်တော်နှစ်ဦး တောအုပ်ထဲမှာ
ပထမအကြိမ်တွေ့ဆုံပြီ ၆၆

၇။ နော့ (Nott) ကို ရှာခဲ့တဲ့ စုန်းမနဲ့ဇီးကွက် ၇၀

၈။ စစ် (Sid) ကိုရှာခဲ့တဲ့ စုန်းမနဲ့ဇီးကွက် ၇၅

၉။ လေနတ်သား. . . ကံကြမ္မာ၊ ကံရဲ့အရှင်သခင် ၇၉


mgyoe.com

mgyoe.com SAMPLE BOOK

၁၀။ နန်းတော်မှာ မှော်ဆရာမာလင်နဲ့ တွေ့ဆုံကြ ၇၄

♦ အခန်း (၃)
ပြန်လည်တွေ့ဆုံခြင်း ၉၁

♦ အခန်း (၄)
ပညာရှိတို့ရဲ့ ကံကောင်းခြင်းအဆိုအမိန့် ၉၇

♦ အခန်း (၅)
ကံကောင်းခြင်း စည်းမျဉ်း နိဂုံးနဲ့ ဖွင့်ဆိုချက်အသစ် ၁၀၅

♦ နောက်ဆက်တွဲ ၁၁၁

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်သားသမီးဖြစ်တဲ့ Laia, Pol တို့နဲ့ အတူ ပုံပြင်ကြိုက်နှစ်သက်တဲ့ ကလေးတွေအတွက် ဒီစာအုပ်ကိုပေးအပ်ပါတယ်။ ပြီးတော့ ကလေးတစ်ယောက်ရဲ့ အပြစ်ကင်းစင်စိတ်ကို ထိန်းသိမ်းထားနိုင်သေးတဲ့ ကျွန်တော်တို့နဲ့ရွယ်တူတွေ အတွက်လည်း ဒီစာအုပ်ကိုပေးအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ရင်ထဲမှာ ဘဝအတွက် ပျော်ရွှင်ခြင်း၊ စိတ်အားထက်သန်ခြင်းနဲ့ ရည်မှန်းချက်တွေ ပြည့်နှက်နေသေးလို့ပါ။ ဒါတွေဟာ "ကံကောင်းခြင်း"အတွက် မရှိမဖြစ်လိုအပ်တဲ့အချက်တွေ ဖြစ်ပါတယ်။

ကျွန်တော့်မိဘနှစ်ပါးဖြစ်တဲ့ Gabriel နဲ့ Carmen တို့ကိုလည်း ပေးအပ်ပါတယ်။ သူတို့ရဲ့ချစ်ခြင်း၊ ယုံကြည်မှုက ကျွန်တော်လက်ကိုင်ထားရတဲ့ စံနမူနာတွေ ဖြစ်လို့ပါ။ သားသမီးတွေကိုချစ်မြတ်နိုးတဲ့ မိဘတိုင်းကိုလည်း ပေးအပ်ပါတယ်။ သူတို့က ကံကောင်းခြင်းမျိုးစေ့တွေကို ကြဲပက်ခဲ့လို့ပါ။

ပြီးတော့ ကိုယ့်ဘဝကို တခြားလူအတွက် ရက်ရက်ရောရော သဘောထားကြီးစွာ ပေးအပ်မြှုပ်နှံထားသူတွေကိုလည်း ပေးအပ်ပါတယ်။ သူတို့က လှပတဲ့လူ့ဘဝ ဇာတ်လမ်းတွေထဲမှာ အင်အားကြွခိုင်မှု အဖျတ်လတ်ဆုံးအဖြစ် ပါဝင်သရုပ်ဆောင် သူတွေဖြစ်လို့ပါပဲ။

အဲလက်စ်ရိုဗီယာ (Alex Rovira)

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်ဖခင်ဖြစ်တဲ့ Guillermo Trias de Bes အတွက် ကျွန်တော်ရဲ့ ချစ်ခြင်း၊ ကျေးဇူးတွေနဲ့အတူ ဒီစာအုပ်ကိုပေးအပ်ပါတယ်။ သူက ကျွန်တော်ကို "ကံကောင်းခြင်း" စည်းမျဉ်းစည်းချက်တွေကို သင်ပေးခဲ့လို့ပါပဲ။ ဘာဒဏ္ဍာရီပုံပြင် အကူမှ မလိုဘဲ ကျွန်တော့်ကို သူကိုယ်တိုင် သရုပ်ပြလုပ်ဆောင်ပြခဲ့ပါတယ်။

ကံကောင်းခြင်းကို ကိုယ်တိုင်ဖန်တီးနိုင်တယ် ဆိုတဲ့ သော့ချက်ကို ကျွန်တော်အသိရအောင် လုပ်ဆောင်ခဲ့သူက ကျွန်တော့်ဖခင်ပါ။ အခက်အခဲ ပြဿနာကို ရင်ဆိုင်ဖြေရှင်းချိန်မှာ ယုံကြည်စိတ်၊ ခွင့်လွှတ်စိတ်၊ ပြီးတော့ ရင်ထဲမှာ ချစ်ခြင်းမေတ္တာတွေရှိရမယ်လို့ ဖခင်ကပဲ ကျွန်တော်ကို လမ်းပြသွန်သင်ခဲ့ပါတယ်။

ဖာနန်ဒိုထရီးယား(စ်)ဒီဘက်စ် **(Fernando Trias de Bes)**

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း | ၁

# မမျှော်လင့်ဘဲ တွေ့ဆုံခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

နွေဦးရာသီရဲ့ နေရောင်ဖျိုးဖျ ညနေခင်းတစ်ခုမှာ စီးပွားရေးသမား တစ်ဦးဖြစ်တဲ့ မက်စ် (Max) ဟာ မြို့လယ်က ပန်းခြံကြီးတစ်ခုထဲ အေးအေးလူလူ ဝင်ရောက်လာပြီး ထိုင်နေကျ သူအနှစ်သက်ဆုံး ခုံတန်းရှည်ကြီးတစ်ခုပေါ် ထိုင်ချလိုက်တယ်။ မက်စ်ဟာ အဲဒီနေရာမှာ ဆိတ်ဆိတ်ငြိမ်ငြိမ်ထိုင်ပြီး နက်တိုင်ကို ဖြည်လိုက်တယ်။ ရှူးဖိနပ်ကို ချွတ်လိုက်တယ်။ ခြေဗလာကို မြက်ခင်းပြင်ပေါ် စိတ်လွတ်ကိုယ်လွတ် ချထားလိုက်တယ်။ မက်စ်အသက် ၆၄ နှစ်ရှိပါပြီ။ အလုပ်အကိုင် စီးပွားရေးအောင်မြင်သူတစ်ဦးဖြစ်ပြီး အားလပ်ချိန်တိုင်း ဒီနေရာမှာ လာထိုင်ရတာကို သူနှစ်သက်ခဲ့တယ်။

ဒါပေမဲ့ ဒီညနေမှာတော့ ခါတိုင်းထက်ထူးခြားနေပါတယ်။ မျှော်လင့်မထားတဲ့အရာတစ်ခု ဖြစ်လာခဲ့လို့ပါ။

ဂျင် (Jim) လို့ခေါ်တဲ့ အသက် ၆၀ ကျော် အမျိုးသားတစ်ဦးဟာ မက်စ် ထိုင်နေတဲ့ ခုံတန်းဘက် လျှောက်လာပါတယ်။ ဂျင်ကြည့်ရတာ ခြေကုန်လက်ပန်း ကျပြီး ပင်ပန်းနေတဲ့ပုံပါပဲ။ ခြေလှမ်းတွေကလည်း ယိုင်နဲ့နေတယ်။ သူဟာ သူ့ကိုယ်သူ ဂုဏ်သိက္ခာရှိအောင် အတတ်နိုင်ဆုံးကြိုးစားခဲ့တယ်ဆိုပေမယ့် ကြည့်လိုက်တာနဲ့ ဘဝရဲ့အနိမ့်ဆုံးမှတ်ရောက်နေသူမှန်း သိသာနေပါတယ်။ တကယ်တမ်းလည်း ဘဝကို ဂျင် ခက်ခက်ခဲခဲဖြတ်သန်းနေရပါတယ်။ ဒီနှစ်တွေအတွင်းမှာ ဘာလုပ်လုပ်

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အဆင်မပြေဖြစ်ခဲ့တယ်။ နာလန်ထနိုင်မယ့် လမ်းစတောင် မတွေ့ခဲ့ပါဘူး။

မက်စ်ဘေးနား ဂျင်ထိုင်ချလိုက်တဲ့အချိန်မှာ နှစ်ယောက်သား မျက်လုံးချင်း ဆုံမိလိုက်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးခဲ့ဖူးတဲ့ခံစားချက်မျိုး သူတို့ ခံစားလိုက်ရတယ်။ ဟိုးအရင်ကတည်းက ရင်းနှီးခဲ့ဖူးတဲ့ခံစားချက်မျိုးဖြစ်တယ်။

"ခင်ဗျား မက်စ်မဟုတ်လား" ဂျင်မေးလိုက်တယ်။

"ဂျင်. . . လား" မက်စ်က ပြန်မေးတယ်။ စိတ်ထဲမှာတော့ ဒီလူဟာ ကွဲကွာနေတာ နှစ်တော်တော်ကြာပြီဖြစ်တဲ့ သူငယ်ချင်းဖြစ်မယ်ဆိုတာကို တပ်အပ် သိလိုက်တယ်။

"တိုက်ဆိုင်လိုက်တာ. . . " စိတ်လှုပ်ရှားလွန်းလို့ ဂျင် မျက်ရည်လည် သွားမိတယ်။

"မယုံနိုင်စရာ ကောင်းလိုက်တာ။ နှစ်တော်တော်ကြာခဲ့ပြီးမှ မင်းကို ဒီနေရာမှာ လာတွေ့တယ်"

မက်စ် တအံ့တဩ ဆိုတယ်။

ပြောပြောဆိုဆို နှစ်ယောက်သားထရပ်ပြီး တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ်ပွေ့ဖက်လိုက်ကာ အားပါးတရ အော်ရယ်လိုက်ကြတယ်။

တကယ်တော့ မက်စ်နဲ့ ဂျင်က ငယ်ပေါင်းတွေပါ။ အသက် ၂ နှစ်ကနေ ၁၀ နှစ်အထိ နေ့ရက်တိုင်း အတူတကွရှိနေခဲ့ကြသူတွေဖြစ်တယ်။ အဲဒီတုန်းက သူတို့ဟာ လူနေမှုနိမ့်ပါးတဲ့ရပ်ကွက်တစ်ခုမှာ နေထိုင်ခဲ့ကြတဲ့ အိမ်နီးချင်းတွေ ဖြစ်တယ်။

"မင်းရဲ့ဒီတမူထူးခြားတဲ့ ပြာလဲ့လဲ့မျက်လုံးကို ငါမှတ်မိနေတယ်" မက်စ် က ဂျင်ကိုပြောလိုက်တယ်။

"မင်းရဲ့ ရိုးစင်းဖြောင့်မတ်တဲ့မျက်ဝန်းကို ကြည့်လိုက်တာနဲ့ မင်းဆိုတာကို ငါတပ်အပ်သိလိုက်တယ်။ ၅၄ နှစ်တောင် ကျော်လွန်သွားခဲ့ပြီနော်။ မင်းလုံးဝ မပြောင်းလဲဘူးကွာ" ဂျင်က ပြောတယ်။

နှစ်ယောက်သား ငယ်ဘဝနှောင်းဖြစ်တွေကို ပြန်ပြောဖြစ်လိုက်ကြတယ်။ နှစ်အတော်ကြာ မေ့လျော့နေခဲ့တဲ့လူနဲ့ အကြောင်းအရာအတော်များများက သူတို့ရဲ့ မှတ်ဉာဏ်ထဲ တရိပ်ရိပ် ပြန်ပေါ်လာခဲ့တယ်။ စကားထဲကနေ ဂျင်ရဲ့အဆင်မပြေမှု တွေ၊ ဝမ်းနည်းမှုတွေကို မက်စ်မြင်တွေ့လိုက်ရတယ်။

"ပြောပါဦး သူငယ်ချင်းရာ. . . ဒီနှစ်တွေအတွင်းမှာ မင်းအဆင်ပြေရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

လား"

"ငါ့ဘဝဒီတစ်သက်က အကျအရှုံးများစွာနဲ့ပါကွာ"

ပခုံးတွန့်ပြရင်း သက်ပြင်းရှည်နဲ့ ဂျင် ပြန်ဖြေတယ်။

"ဘယ်လိုဖြစ်ရတာလဲ"

"၁၀ နှစ်အရွယ်လောက်မှာ ငါတို့မိသားစု ရုတ်တရက် အိမ်ပြောင်းသွားခဲ့တာကို မင်းမှတ်မိသေးလား။ အဲဒီကစ ငါတို့အဆက်အသွယ်ပြတ်သွားခဲ့ကြတယ်။ ငါတို့အိမ်ပြောင်းရတာက ငါ့အဖေဘက်က သွေးဝေးတဲ့ဦးလေးတစ်ယောက်မှာ သားသမီးမရှိဘူး။ အဲဒီဦးလေးဆုံးတော့ သူ့အမွေတွေအားလုံး ငါ့အဖေအတွက် ချန်ခဲ့တယ်။ ဒါကြောင့် အဲဒီတုန်းက လူမသိသူမသိ ငါတို့ တိတ်တိတ်လေး အိမ်ပြောင်းခဲ့ကြတယ်။ ဒါဟာလည်း ငါ့အဖေက သူအမွေရလိုက်တဲ့အကြောင်း တခြားသူကို မသိစေချင်တာပါ။ ဒါနဲ့ ငါတို့ အဆောတလျင်အိမ်ပြောင်းတယ်၊ ကားလဲလိုက်တယ်။ အိမ်နီးချင်း၊ သူငယ်ချင်းအားလုံး အသစ်တွေဖြစ်ကုန်တယ်။ အဲဒီကစ မင်းနဲ့ငါ အဆက်အသွယ်ပြတ်သွားတော့တာပဲနော်"

"သြော်. . . ဒါကြောင့်ကိုး။ ငါတို့ သူငယ်ချင်းတွေအားလုံးက မင်းတို့မိသားစု ဘာများဖြစ်တာပါလိမ့်လို့ မေးခဲ့ကြတယ်။ ဒါနဲ့ မင်းတို့မိသားစု တကယ်ပဲ အဲဒီလောက် အမွေတွေ ရလိုက်တာလား"

"ဟုတ်တယ်၊ အဲဒီထဲမှာ အမြတ်အစွန်းများတဲ့အမွေတစ်ခုပါတယ်။ အဲဒါကတော့ စီးပွားဖြစ်လည်ပတ်အားကောင်းနေပြီး အမြတ်အစွန်းများတဲ့ အထည်အလိပ် စက်ရုံကြီးတစ်ရုံပါပဲ။ အဲဒီစက်ရုံကို ငါ့အဖေလက်ထဲရောက်တော့ စီးပွားပိုဖြစ်ခဲ့တယ်။ ဒါပေမဲ့ အဖေဆုံးသွားတဲ့အချိန် အဲဒီစက်ရုံကို ငါဆက်အုပ်ချုပ်တယ်။ နှမြောစရာပဲကွာ၊ ငါကံမကောင်းခဲ့ဘူး။ အရာရာ အရှုံးနဲ့ပဲ ရင်ဆိုင်ခဲ့ရတယ်"

"ဘယ်လိုဖြစ်ရတာလဲကွာ" မက်စ်က မေးတယ်။

"ငါ့လက်ထဲ စက်ရုံရောက်လာတော့ အရင်က လည်ပတ်ရောင်းဝယ်ဖောက်ကားခဲ့တဲ့ပုံစံအတိုင်းပဲ ငါဆက်လုပ်ခဲ့တယ်။ နှစ်တော်တော်ကြာတဲ့အထိ ဘာအပြောင်းအလဲမှ မရှိခဲ့ဘူး။ အဆင်ပြေခဲ့တယ်ဆိုပေမယ့် အဖက်ဖက်ကနေပြီး စီးပွားရေးပြိုင်ဘက်တွေ ဖြုန်းစားကြီးရောက်လာလိမ့်မယ်လို့ ငါလုံးလုံးမတွေးခဲ့မိဘူးကွာ။ အဲဒီမှာ ဈေးကွက်ထိုးကျသွားခဲ့တယ်။ အဲဒီတုန်းက ငါတို့စက်ရုံက ထုတ်တဲ့ပစ္စည်းတွေ အရည်အသွေးအကောင်းဆုံးလို့ ငါထင်ခဲ့တယ်။ တခြားစက်ရုံက ပစ္စည်းတွေကို ဖောက်သည်တွေက လှည့်ကြည့်ကြမှာမဟုတ်ဘူးလို့ ယုံကြည်မှု

mgyoe.com

mgyoe.com SAMPLE BOOK

အပြည့်ရှိခဲ့တယ်။ ဒါပေမဲ့ ငါခန့်မှန်းတာ မှားသွားခဲ့တယ်။ ဖောက်သည်တွေက အရည်အသွေးကို နားမလည်ကြဘူး။ တကယ်လို့ အရည်အသွေးကိုနားလည်ကြရင် ငါ့စက်ရုံကထုတ်တဲ့ အထည်အလိပ်တွေ ဘယ်လောက်ကောင်းတယ်ဆိုတာ သူတို့ သိကြမှာပါ။ ဒီလိုနဲ့ တခြားပစ္စည်းအသစ်တွေ ဈေးကွက်မှာ မှိုလိုပေါက်လာခဲ့တော့ တယ်"

ဂျင်က သက်ပြင်းတစ်ချက်ချလိုက်တယ်။ မလှခဲ့တဲ့အတိတ်ကို ပြန်ပြော ရတာဟာ ဘယ်လိုမှ ပျော်စရာမကောင်းပါဘူး။ မက်စ်လည်း ဘာပြောရမှန်းမသိလို့ ဘာအသံမှမထွက်ဘဲ ရှိနေခဲ့တယ်။

"စက်ရုံကို အဆုံးရှုံးမခံလိုက်ရဘူးဆိုပေမယ့် ငါ ပိုက်ဆံတွေအများကြီး လျော့လိုက်ရတယ်။ ထွက်ငွေတွေ နည်းနိုင်သမျှနည်းအောင် ငါအတတ်နိုင်ဆုံး လုပ်ခဲ့တယ်။ ခန့်မှန်းသုံးငွေနည်းလေ ရောင်းအားလျော့လေဖြစ်လာခဲ့တယ်။ တံဆိပ် အသစ်ထုတ်ဖို့ ငါစိတ်ကူးခဲ့သေးတယ်။ ဒါပေမဲ့ ဈေးကွက်မှာ တံဆိပ်တွေမျိုးစုံ နေတာဆိုတော့ ငါမလုပ်ရဲခဲ့ဘူး။ ငါ စီးပွားပျက်ကိန်းစိုက်နေခဲ့ပြီ။ ကိုယ်ပိုင်တံဆိပ်နဲ့ လက္ကားဆိုင်တွေဖွင့်ဖို့လည်း ငါစဉ်းစားခဲ့သေးတယ်။ ဒါဟာ ငါ့အတွက် နာလန် ပြန်ထူနိုင်မယ့် အခွင့်အရေးပဲပေါ့။ ဒီကိစ္စနဲ့ပတ်သက်ပြီး ငါအချိန်ယူစဉ်းစားခဲ့တယ်။ ဒါပေမဲ့ ဆုံးဖြတ်ချက်မချနိုင်ခဲ့ဘူး။ နောက်ဆုံး လုပ်မယ်လို့ ငါဆုံးဖြတ်ချက်ချ လိုက်တဲ့အချိန် ဆိုင်ခန်းငှားခတွေက ဈေးတက်ကုန်လို့ ငါခြေလှမ်းမစရဲဖြစ်ခဲ့ပြန် တယ်။ ရောင်းရတဲ့ငွေက ရင်းထားတဲ့ငွေနောက် အမီမလိုက်နိုင်ခဲ့ဘူး။ ကုန်ကျငွေတွေ ပိုများခဲ့တယ်။ ဒီလိုနဲ့ ပိုင်ဆိုင်မှုတွေရောင်းပြီးမှ ငါအကြွေးဆပ်ရတော့တယ်။ စက်ရုံ ရောင်းတယ်၊ အိမ်ရောင်းတယ်၊ ပြီးတော့ တခြားပစ္စည်းတွေရောင်းတယ်။ အဲဒီလိုနဲ့ ဘာမှမကျန်တော့ဘူး။ အရင်တုန်းက ငါဘာမဆိုရှိတယ်၊ ဘာလိုချင်ချင် လိုချင်တာ ရတယ်။ ဒါပေမဲ့ ဒါတွေဟာ ငါ့လက်ထက်ရောက်မှ အကုန်ပြောင်သွားခဲ့ရတယ်။ ငါ့ကိုက ကံမကောင်းတာလို့ပဲ ငါပြောနိုင်တော့တယ်။ ကံက ဘယ်တော့မှ ငါ့ကို မစောင်မ,ခဲ့ဖူးဘူးကွာ"

"နောက်တော့ မင်းဘယ်လိုဖြစ်သွားလဲ"

"ဘယ်လိုဖြစ်ရမလဲကွာ. . . ဘာမှကို မရှိတော့တာပေါ့။ အရင်တုန်းက ငါ့ကို မြှောက်ပင့်ပေါင်းဖက်ခဲ့တဲ့လူတွေလည်း အခုချိန်မှာ ငါ့ကို ဂရုမစိုက်တော့ပါ ဘူးကွာ။ အလုပ်တွေအများကြီး ငါရှာခဲ့လည်း လုပ်ကျင့်မရှိတာနဲ့၊ သူဌေးနဲ့ မတည့် တာနဲ့ ဆက်မလုပ်ဖြစ်ခဲ့ဘူး။ ထမင်းနပ်မှန်အောင် မစားရတဲ့အချိန်တောင် ရှိခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီ ၁၅ နှစ်တာကာလကို ငါခက်ခက်ခဲခဲ ဖြတ်ကျော်ခဲ့ရတယ်။ တစ်ခါတလေ တခြားလူကို စာရင်းအင်းလုပ်ပေးလို့ရတဲ့ငွေလေးနဲ့ စားခဲ့ရတယ်။ တစ်ခါတလေ ငွေတစ်ပြားတစ်ချပ်မှ မရှိတော့တဲ့အခါ စိတ်ကောင်းရှိသူတွေ စွန့်ကြဲတဲ့ငွေလေးနဲ့ အသက်ဆက်ခဲ့ရတယ်။ ဟင်း. . . ကံဆိုးခြင်းထဲကနေ ငါရုန်းမထွက်နိုင်ခဲ့ဘူးကွာ"

ဂျင်က စကားကိုဆက်ပြောနေရင်း ဘေးက သူငယ်ချင်းဟောင်းကို စကားလှည့်မေးလိုက်တယ်။

"မင်းအကြောင်းလည်း ပြောပါဦး။ ဒီနှစ်တွေမှာ မင်းအဆင်ပြေလား၊ ကံကောင်းလား"

မက်စ်ပြုံးလိုက်ပြီး "မင်း မှတ်မိသေးလား၊ ငါ့မိဘတွေက ဆင်းရဲတယ်။ အဲဒီတုန်းက မင်းတို့မိသားစု အဲဒီရပ်ကွက်မှာနေခဲ့ချိန်တုန်းက တော်တော်လေး အဆင်မပြေဖြစ်ခဲ့တယ်နော်၊ ငါတို့မိသားစုဆို ပိုဆိုးပေါ့။ ငါ့မိဘတွေက ဆင်းရဲသား လူတန်းစားက ပေါက်ဖွားလာခဲ့သူမို့ အလုပ်အကိုင်လည်း အတည်တကျ မရှိခဲ့ဘူး။ နေ့ဝင်မိုးချုပ်တာတောင် ညစာစားဖို့ မရှိခဲ့ဘူး။ မင်းအမေက ငါတို့ ဆင်းရဲကျပ်တည်းတာကိုသိတော့ စားစရာတွေ တစ်ခါတလေ လာပို့ပေးသေးတယ်။ ပြီးတော့ ငါ့မိဘတွေက ငါ့ကိုကျောင်းမထားပေးနိုင်ခဲ့ကြဘူး။ ဒါကြောင့် ဘဝတက္ကသိုလ်မှာပဲ ငါကြိုးစားသင်ယူခဲ့ရတယ်။ ငါ့အသက် ၁၀ နှစ်မှာ. . . မင်းတို့ ဘာမပြော ညာမပြောနဲ့ အိမ်ပြောင်းသွားတဲ့နှစ်ပဲပေါ့။ အဲဒီနှစ်မှာ ငါအလုပ်စလုပ်ခဲ့တယ်"

"ငါရဲ့ပထမဆုံးအလုပ်က ကားရေဆေးတဲ့အလုပ်။ အဲဒီနောက် ဟိုတယ်ရှေ့မှာ ဧည့်သည်တွေရဲ့ပစ္စည်း သယ်ပေးတဲ့အလုပ်ကို ငါလုပ်ခဲ့တယ်။ သိပ်မကြာဘူး ငါ ရာထူးတိုးခဲ့တယ်။ ကြယ်ငါးပွင့်ဟိုတယ်ရဲ့ တံခါးစောင့်ဖြစ်ခဲ့တယ်။ အသက် ၂၁ နှစ်မှာ အကြောင်းတရားတစ်ခုကို ငါသိလိုက်တယ်။ အဲဒီကတော့ ကြိုးစားလုပ်ဆောင်ရင် ငါလည်း ကံကောင်းခြင်းတွေ ပိုင်ဆိုင်နိုင်တယ် ဆိုတာပဲ"

"ဒါနဲ့. . . မင်းဘာတွေလုပ်ခဲ့သလဲ" ဂျင်က အခွင့်သင့်တုန်း သံသယအမေးနဲ့ မေးခွန်းထုတ်တယ်။ စိတ်ထဲမှာတော့ သိလိုစိတ်အပြည့်ပါပဲ။

"အဲဒီတုန်းက လက်ကိုင်အိတ်စက်ရုံလေးတစ်ခု ဒေဝါလီခံတော့မယ်လို့ ငါကြားလိုက်တယ်။ ဒါနဲ့ ငါ့မှာစုထားတဲ့ ငွေကြေးတွေအားလုံးနဲ့အတူ ဘဏ်ချေးငွေအနည်းငယ်နဲ့ အဲဒီစက်ရုံကို ငါဝယ်ယူလိုက်တယ်။ ကြယ်ငါးပွင့်ဟိုတယ်နဲ့ စားသောက်ဆိုင်မှာ ငါအလုပ်လုပ်ခဲ့စဉ်တုန်းက လူတွေရဲ့လက်ကိုင်အိတ်ပုံစံ အမျိုးမျိုးကို ငါတွေ့ခဲ့ဖူးတယ်။ ဒါကြောင့် ပိုက်ဆံရှိတဲ့လူတွေက ဘယ်လိုလက်ကိုင်အိတ်

mgyoe.com

ကြိုက်တယ်ဆိုတာကို ငါသိတယ်။ အဲဒီပုံစံလက်ကိုင်အိတ်တွေအတိုင်း ငါလုပ်လို့ရနိုင်တယ်။ လုပ်ငန်းစတင်လည်ပတ်တဲ့ကာလမှာ ထုတ်လုပ်တာကနေ ရောင်းဝယ်တဲ့အထိ ငါကိုယ်တိုင်လုပ်ဆောင်ခဲ့တယ်။ ငါ မအိပ်မစားဘဲ ကြိုးစားခဲ့တယ်။ တစ်ရက်မှ မနားခဲ့ဘူး။ ပထမနှစ်မှာ လုပ်ငန်းလည်ပတ်မှု အဆင်ပြေခဲ့တယ်။ အဲဒီကရတဲ့ အမြတ်တွေအားလုံးနဲ့ အိတ်ပုံစံအသစ်တွေ ငါပိုတိုးချဲ့လုပ်ကိုင်ခဲ့တယ်။ နေရာအနှံ့သွားပြီး တခြားကုမ္ပဏီတွေ ဘာအိတ်အမျိုးအစား ထုတ်လုပ်နေသလဲလို့ သွားရောက်လေ့လာခဲ့တယ်။ တခြားလူတွေထက် လက်ကိုင်အိတ်တွေကို ငါ ပိုနားလည်ရမှာမို့ပါ။ သားရေအရောင်းဆိုင်တော်တော်များများကို ငါလှည့်ပတ်လေ့လာခဲ့ပြီးနောက် အကျိုးရလဒ်တွေ ငါတော်တော်ရလိုက်တယ်။ လူတွေအိတ်လွယ်ထားရင်တောင် သူတို့ကို ငါသွားမေးတတ်ခဲ့တယ်။ သူတို့လွယ်ထားတဲ့ အဲဒီအိတ်ကို ဘာကြောင့်ကြိုက်သလဲ၊ အိတ်ရဲ့ဘယ်နေရာက သူတို့ကို စိတ်တိုင်းမကျစေသလဲလို့ မေးခဲ့တယ်"

လုပ်ငန်းစတင်ထူထောင်ခဲ့တဲ့နှစ်တွေကို ပြောင်းပြန်ပြောရင်း မက်စ်အလွန်တက်ကြွနေခဲ့တယ်။ သူက ဆက်ပြောတယ်. . . ။

"နောက်တော့ ရောင်းအား၊ ဝယ်လိုအားတွေ တောက်လျှောက် တိုးပွားလာခဲ့တယ်။ ဆယ်နှစ်တာကာလအတွင်း ငါရှာဖွေခဲ့တဲ့ငွေတွေအားလုံးနဲ့ ငါရင်းနှီးမြှုပ်နှံလိုက်ပြန်တယ်။ ဖြစ်နိုင်ခြေများမယ်လို့ ငါထင်တဲ့လုပ်ငန်းတိုင်းကို အခွင့်အရေးရှာပြီး ငါသတ္တိရှိရှိမြှုပ်နှံခဲ့တယ်။ ငါတို့ရဲ့အရောင်းရဆုံး လက်ကိုင်အိတ်ပုံစံကို နှစ်တိုင်း ဒီဇိုင်းအသစ်အသစ် ဖန်တီးတယ်။ ဒီဇိုင်းပုံစံတစ်မျိုးတည်းဆိုတာမျိုး လုံးဝ မရှိစေရဘူး။ စက်ရုံက တစ်ခုခုပြဿနာဖြစ်ရင် နောက်ရက်တွေအထိ ငါအချိန်ဆွဲပြီး မဖြေရှင်းဘူး။ တစ်စုံတစ်ခု ပြဿနာကြီးကြီး သေးသေး အားလုံး ငါပဲ တာဝန်ခံဖြေရှင်းတယ်။ ဒီလိုနဲ့ စက်ရုံတွေတစ်ရုံပြီး တစ်ရုံ ငါဝယ်ယူခဲ့တယ်။ လုပ်ငန်းချဲ့ထွင်မှု ပိုပိုကြီးလာခဲ့တယ်။ ကြီးမားတဲ့စီးပွားရေးပိုင်နက် ထူထောင်ခဲ့တယ်။ တကယ်တမ်းတော့ ဒီလိုဖြတ်သန်းမှုတွေက မလွယ်ကူခဲ့ဘူး။ ဒါပေမဲ့ အကျိုးရလဒ်က ငါလုပ်ငန်းထူထောင်စက မျှော်မှန်းခဲ့တဲ့ ရလဒ်ထက်တောင် သာလွန်ခဲ့ပါတယ်"

ဒီအချိန်မှာ ဂျင်က စကားဖြတ်ပြီး တမင်တကာလိုလို မတော်တဆလိုလိုနဲ့ ဒီလိုကောက်ချက်ချပါတယ်။

"မင်းကံအရမ်းကောင်းတယ်လို့ မင်းမထင်ခဲ့ဘူးလား"

"မင်း ဘာလို့ ဒီလိုတွေးရတာလဲ။ ဒါဟာ ငါကံကောင်းတာနဲ့ပဲ ဆိုင်တယ်

mgyoe.com

mgyoe.com  SAMPLE BOOK 

လို့ မင်းထင်နေတာလား" မက်စ်က တအံ့တသြ ပြောလိုက်တယ်။

"ငါ မတော်တဆ ပြောမိတာပါ။ မင်းကို နှိမ့်ချလိုက်တဲ့သဘော မဟုတ်ပါဘူး။ ဒါဟာ မယုံနိုင်စရာမို့ပါ။ မင်းတစ်ယောက်တည်း ကြိုးစားရုန်းကန်ရုံနဲ့ ဒီလိုအောင်မြင်မှုတွေ ရယူနိုင်ခဲ့တယ်။ တချို့က မွေးလာတာနဲ့ ကံကောင်းခဲ့တယ်။ ကံတရားက သူတို့ဘက်မှာပဲ ရပ်တည်ခဲ့ပြီး ကံကောင်းခြင်းက သူတို့ကို အမြဲပြုံးပြ နှုတ်ဆက်ခဲ့တယ်။ ငါ့ကိုတော့ ဖုတ်လေတဲ့ငါးပိ ရှိတယ်တောင် မထင်ခဲ့ဘူး။ ဒီလိုပဲ ဖြစ်ခဲ့တာပဲလေ။ သူငယ်ချင်းကြီးရာ" ဂျင်က ညင်ညင်သာသာ ဖြေရှင်းတယ်။

မက်စ် ခဏလောက်တိတ်ဆိတ်သွားခဲ့ပြီး တအောင့်ကြာမှ သူစကား စပြောတယ်။

"ငါပြောမယ်. . . ငါဟာ ရှေ့မျိုးဆက်ကနေ ဘာအမွေမှ မရခဲ့ဘူးဆိုပေမယ့် ငါ့အဘိုးက ငါ့ကို ပိုကောင်းတဲ့ပစ္စည်းဥစ္စာတစ်ခုတော့ ချန်ထားပေးခဲ့တယ်။ 'ကံတရား' နဲ့ 'ကံကောင်းခြင်း' က ဘယ်လိုကွာခြားလဲ မင်းသိလား"

"မသိဘူး. . . " ဂျင် က အားမပါတဲ့လေသံနဲ့ ဖြေတယ်။

"ငါ့အဘိုး ငါတို့နဲ့အတူ နေခဲ့စဉ်တုန်းက ငါ့ကို သူပုံပြင်လေးတစ်ပုဒ် ပြောပြခဲ့တယ်။ အဲဒီပုံပြင်ထဲကနေ 'ကံတရား' နဲ့ 'ကံကောင်းခြင်း' ရဲ့ခြားနားချက်ကို ငါနားလည်စေခဲ့တယ်။ အဲဒီပုံပြင်လေးက ငါ့ဘဝတစ်သက်တာကို ပြောင်းလဲစေခဲ့တယ်လို့ ဒီကနေ့ထက်ထိ ငါထင်နေတုန်းပဲ။ ကြောက်ရွံ့ခြင်းထဲ ငါနစ်ဝင်နေတာပဲ ဖြစ်ဖြစ်၊ တုံ့နှေးတွေဝေ၊ ဝေခွဲမရတဲ့အခါပဲဖြစ်ဖြစ် ဒါမှမဟုတ် ရင်ထဲမှာ ပျော်ရွှင်ကြည်နူးခြင်း၊ ဝမ်းသာခြင်းနဲ့ ကျေးဇူးတရားသိမြင်တဲ့အခါပဲဖြစ်ဖြစ် အဲဒီပုံပြင်လေးက ငါ့အပါးအချိန်ပြည့် အမြဲရှိနေခဲ့တယ်။ ဒီပုံပြင်လေးကြောင့်ပဲ ၆ နှစ်တာ ပင်ပင်ပန်းပန်း ကြိုးစားရှာဖွေခဲ့တဲ့ ငွေကြေးတွေနဲ့ အဲဒီစက်ရုံလေးကိုဝယ်ယူဖို့ ငါဆုံးဖြတ်ချက်ချနိုင်ခဲ့တယ်။ အဲဒီနောက်ပိုင်း အရေးကြီးတဲ့ ရွေးချယ်ဆုံးဖြတ်မှုနဲ့ ကြုံတဲ့ အခါမှာလည်း ဒီပုံပြင်လေးက အဓိက အရေးပါတဲ့အရာဖြစ်ခဲ့တယ်"

မက်စ်က စကားတတွတ်တွတ်ပြောနေချိန်မှာ ဂျင်က ကိုယ်ကိုကျုံ့ပြီး မြေကြီးကို ခေါင်းငိုက်စိုက်ကြည့်နေခဲ့တယ်။

"အသက် ၆၄ နှစ်ဆိုတာ ပုံပြင်နားထောင်တဲ့အရွယ်ကို ကျော်လွန်သွားခဲ့ပြီ ဆိုပေမယ့် လူကို ဆင်ခြင်သုံးသပ်မှုပေးတဲ့အရာဆိုရင် ဘယ်အချိန်နားထောင် နားထောင် မနှောင်းဘူးလို့ ငါထင်တယ်။ စကားပုံတစ်ခုလိုပေ့ါ" စိမ်းစိုတဲ့တောတန်းကို ထိန်းသိမ်းထားနိုင်သရွေ့ မီးစိုက်ဖို့ ထင်းမရှိမှာ မကြောက်ဘူးဆိုသလိုမျိုး

mgyoe.com

m gyee.com SAMPLE BOOK


မင်းသာနားထောင်မယ်ဆိုရင် အဲဒီပုံပြင်ကို ငါပြောပြမယ်"

ဂျင်က တိတ်ဆိတ်မြဲ တိတ်ဆိတ်နေလို့ မက်စ်က စကားဆက်ပြန်တယ်။

"အဲဒီပုံပြင်လေးက လူပေါင်းများစွာကို ကူညီခဲ့ဖူးတယ် သိလား။ စီးပွားရေးသမားပဲဖြစ်ဖြစ်၊ တခြားလုပ်ငန်းလုပ်တဲ့ စိတ်သဘောထားကြီးသူတွေကိုရော အကျိုးအမြတ်တွေရစေခဲ့တယ်။ လူတွေက 'ကံတရား' နဲ့ 'ကံကောင်းခြင်း' ရဲ့ခြားနားချက်ကို လက်ခံသင်ယူနိုင်ခဲ့ကြပြီး လုပ်ငန်းခွင်မှာ ထူးကဲတဲ့လုပ်ရပ်တွေ လုပ်ဆောင်နိုင်ခဲ့ကြတယ်။ တချို့က အချစ်စစ် အချစ်မှန်ကိုတောင် ရှာဖွေနိုင်ခဲ့တယ် သိလား။ တခြားအားကစားသမား၊ အနုပညာသည်၊ သိပ္ပံပညာရှင်နဲ့ သုတေသီတွေလည်း အကျိုးအမြတ်တွေ ဖြစ်ထွန်းခဲ့တယ်။ ငါကိုယ်တိုင် မျက်စိတပ်အပ်တွေ့မြင်ခဲ့ဖူးတဲ့ အောင်မြင်မှုသာဓကတွေ မနည်းခဲ့ဘူး။ ဒါကြောင့် မငြီးမငွေ့ ဒီအကြောင်းတွေ မင်းကိုပြောပြနေတာပေါ့။ ဒီထူးခြားတဲ့ပုံပြင်လေးဟာ လူပေါင်းများစွာပေါ်မှာ ထူးခြားမှုတွေဖြစ်ပွားခဲ့တာ အသက် ၆၄ နှစ်ရောက်လာတဲ့အထိ ငါအများကြီးတွေ့မြင်ခဲ့ဖူးပြီပေါ့ကွာ"

ဂျင်က ကိုယ်ကိုထောင်မတ်လိုက်တယ်။ စိတ်ဝင်စားသွားတာပဲလား မသိ သူ့ပါးစပ်ဟ စကားစပြောပါတယ်။

"ကောင်းပြီလေ၊ 'ကံတရား' နဲ့ 'ကံကောင်းခြင်း' ရဲ့ခြားနားချက်အကြောင်း ငါ့ကို မင်းပြောပြပါဦး"

ပြန်မဖြေခင် မက်စ် ခဏလောက် စဉ်းစားလိုက်တယ်။

"မင်းတို့မိသားစု အမွေတော်တော်ရလိုက်တာဟာ မင်းတို့ကံတရားကြောင့် ပေါ့။ ဒါပေမဲ့ ကံတရားက လူ့အလို မလိုက်ဘူး။ မြဲလည်း မမြဲဘူး။ ဒါကြောင့် မင်းမှာ ကံတရားဆိုတဲ့ ဗလာပဲရှိခဲ့လို့ မင်းအခု ဘာမှမရှိတဲ့ဘဝကို ရောက်ခဲ့တာ ပေါ့။ ဒါပေမဲ့ ငါ့ကိုကြည့်စမ်း. . . ငါကကြိုးစားအားထုတ်မှုနဲ့ ကံတရားကို ဖန်တီးတယ်။ ကံတရားက ကိုယ့်အတွက် မဟုတ်ဘူး။ ကံကောင်းခြင်းကမှ ကိုယ့်လက်ထဲ ဆုတ်ကိုင်ထားတဲ့အရာ။ တကယ်ပဲ ကံတရားဆိုတာ မရှိဘူးလို့တောင် ငါကထင်ထားခဲ့တာ"

"မင်းပြောတဲ့သဘောက တကယ်တမ်းမှာ ကံတရားဆိုတာ မရှိဘူးပေါ့"

"ဒီလိုပြောရအောင်. . . ကံတရားဆိုတာ ရှိတယ်။ ဒါပေမဲ့ ကံတရားက ကိုယ့်အပေါ် သက်သက်မဲ့ကျရောက်တယ်ဆိုတာမျိုးက လုံးဝမှားယွင်းတယ်။ တစ်နေ့နေ့မှာ ကံတရားက ကိုယ့်ဆီရောက်လာခဲ့တယ်ဆိုရင်တောင် ခဏလေး

mgyee.com

mgyoe.com

ရောက်လာတာပါပဲ။ ကိုယ့်ဆီမှာ အကြာကြီးနေမှာ မဟုတ်ဘူး။ မင်းသိလား။ ထီပေါက်တဲ့လူ ၉၀ ရာခိုင်နှုန်းလောက်ဟာ ၁၀ နှစ်တောင် မကြာဘူး ပေါက်ထား တဲ့ ငွေတွေကို ဖြုန်းကုန်ပြီး နဂိုဘဝထဲပြန်ရောက်သွားကြတယ်။ 'ကံကောင်းခြင်း' ကတော့ နေရာအချိန်မရွေး မင်းကိုယ်တိုင် မင်းအတွက် ကံကောင်းခြင်းတွေ ပေးနိုင်တယ်။ ဒါကြောင့်လည်း 'ကံကောင်းခြင်း' လို့ ငါတို့ခေါ်ခဲ့တယ်။ ဒါဟာ တကယ့်ကံကောင်းခြင်းဖြစ်တယ်"

"ဘာဖြစ်လို့ တကယ့်ကံကောင်းခြင်းလို့ ပြောတာလဲ၊ ကံကောင်းခြင်း မှာ မတူတာတွေရှိသေးလို့လား"

ဂျင်က အချက်ကျကျမေးတယ်။ ကြည့်ရတာ သူငယ်ချင်း မက်စ်ရဲ့စကား တွေက သူ့ကိုတော်တော်လေး ဆွဲဆောင်နေခဲ့ပြီ ထင်ပါတယ်။

"အဲဒီပုံပြင်လေးကို မင်းနားထောင်ကြည့်မလား"

ဂျင် ခဏတာ တွေဝေသွားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နားထောင်ကြည့် လည်း မမှားပါဘူး။ အရင်လို တောက်ပတဲ့ဘဝကို မရခဲ့ရင်လည်း နစ်နာစရာ အကြောင်းတော့ မရှိပါဘူး။ အသက် ၆၄ နှစ်ရောက်နေတာတောင် သူငယ်ချင်း ပြောမယ့်ပုံပြင်ကို နားထောင်ရဦးမယ်ဆိုတော့ ကံကောင်းတယ်လို့ ဆိုရမှာပေါ့။ ငယ်ငယ်တုန်းကလို ပုံပြောပြမယ့်သူ မရှိခဲ့တာလည်း ကြာခဲ့ပြီလေ"

"ကောင်းပြီလေ. . . နားထောင်ကြည့်ရတာပေါ့" ဂျင် သဘောတူလိုက် ပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ကံကောင်းခြင်းစည်းမျဉ်း
# နံပါတ် (၁)

ကံတရားက အမြဲမကြာရှည်ဘူး။
အကြောင်းက သူဟာ သင်နဲ့ မသက်ဆိုင်လို့ပါ။
ကံကောင်းခြင်းက လူတစ်ဦးတစ်ယောက်ရဲ့ ကြိုးစားဖန်တီးမှုနဲ့ဆိုင်တယ်၊
ဒါကြောင့် သူဟာ တာရှည်တည်မြဲတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK

အခန်း | ၂

# ထူးခြားဆန်းကြယ်တဲ့ Magic Clover (ကံကောင်းခြင်းအပင်)

mgyoe.com

mgyoe.com SAMPLE BOOK

# (၁) မာလင် (Merlin) မှ စစ်သည်တော်သို့ စိန်ခေါ်ခြင်း

ဟိုးရှေးရှေးတုန်းက ဝေးလံတဲ့တိုင်းပြည်တစ်ပြည်မှာ မာလင် (Merlin) လို့ခေါ်တဲ့ မှော်ဆရာတစ်ယောက်ဟာ တိုင်းပြည်မှာရှိတဲ့ စစ်သည်တော်တွေကို ဆင့်ခေါ်ပြီး ဘုရင့်နန်းတော်ရှေ့က ဥယျာဉ်မှာစုစည်းခဲ့တယ်။

"လူအတော်များများက ကျုပ်ဆီလာပြီး စိန်ခေါ်မှုတစ်ရပ်ပြုလုပ်ပေးဖို့ တောင်းဆိုခဲ့တာ ကြာလှပြီ။ တချို့ကလည်း တိုင်းပြည်မှာရှိတဲ့ စစ်သည်တော်တွေကို စစ်ပြိုင်ပွဲတစ်ခုပြုလုပ်ပေးဖို့ အကြံပေးခဲ့ကြတယ်။ တချို့ကလည်း လှံရှည်နဲ့ ဓားသိုင်း ပြိုင်ပွဲ ပြုလုပ်ပေးဖို့ တောင်းဆိုခဲ့ကြတယ်။ ဒါပေမဲ့ အခု မင်းတို့ကို မတူတဲ့စိန်ခေါ်မှု တစ်ရပ် ကျုပ် ပြုလုပ်ပေးမယ်"

စစ်သည်တော်တွေက မှော်ဆရာ့စကားနားထောင်ပြီး စိတ်ဝင်စားမှုတွေ နိုးကြားလာခဲ့ကြတယ်။ မာလင်က ဆက်ပြီး-

"ကျုပ်သိရသလောက် ဒီ ၇ ရက်အတွင်း ပြည်တွင်းမှာ ထူးခြားဆန်းကြယ်တဲ့ အရွက်လေးရွက်ပါတဲ့ ကံကောင်းခြင်းအပင်ပေါက်မယ်လို့ ဆိုတယ်"

မှော်ဆရာရဲ့စကားမဆုံးခင်မှာ စစ်သည်တော်တွေအားလုံး လှုပ်လှုပ်ရွရွ ဖြစ်လာကြတယ်။ တစ်ယောက်တစ်ခွန်း တီးတိုးပြောဆိုကြရင်း အသံတွေ ဆူညံ လာခဲ့တယ်။

"တိတ်ကြပါ. . . တိတ်တိတ်နေကြပါ။ ထူးခြားဆန်းကြယ်တဲ့ ကံကောင်း

mgyoe.com

mgyoe.com SAMPLE BOOK

ခြင်းအပင်က ဘာလဲဆိုတာ ကျုပ် ရှင်းပြပါရစေဦး။ ကမ္ဘာပေါ်မှာ အဲဒီအပင်ဟာ အရွက် ၄ ရွက်ပါတဲ့ တစ်ခုတည်းသောအပင် ဖြစ်ရုံတင်မက အဲဒီအပင်ကို ရှာတွေ့တဲ့လူကိုလည်း မှော်စွမ်းအားတစ်မျိုး ပိုင်ဆိုင်စေပါတယ်။ အဆုံးမရှိတဲ့ ကံကောင်းခြင်း မှော်စွမ်းရည်ကို ပိုင်ဆိုင်စေပါတယ်။ အဆုံးမရှိဆိုတာက အချိန်၊ နေရာအကန့်အသတ်မရှိတာကို ပြောတာပါ။ စစ်ပွဲမှာ၊ အလုပ်မှာ၊ အချစ်ရေးမှာ၊ ပစ္စည်းဥစ္စာမှာ စတဲ့အဖက်ဖက်မှာ သင့်ကိုအကျိုးဖြစ်ထွန်းမှုတွေ ဖြစ်စေပါတယ်"

စစ်သည်တော်တွေအားလုံး စိတ်အားထက်သန်စွာနဲ့ ဆူညံဗွက်လောရိုက်ကုန်ကြတယ်။ လူတိုင်း ဒီထူးခြားဆန်းကြယ်တဲ့ အရွက် လေးရွက်ပါတဲ့ ကံကောင်းခြင်းအပင်ကို ရှာချင်နေကြတယ်။ တချို့က မအောင့်နိုင်ဘဲ ထရပ်လိုက်တယ်။ ပါးစပ်ကနေ အောင်မြင်မှုညာသံတွေပေးပြီး အဲဒီအပင်ကို အမြန်ဆုံးရှာတွေ့နိုင်ဖို့ ဘုရားသခင်ထံ တောင်းဆုပြုနေတယ်။

မှော်ဆရာက အားလုံးကို တိတ်တိတ်နေပေးကြဖို့ တောင်းဆိုပြီး ဆက်ပြောပါတယ်။

"အားလုံး အသံတိတ်ပေးကြပါ။ ကျုပ်ပြောလို့ မပြီးသေးပါဘူး။ ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင်က ပျော်ရွှင်ခြင်းတောအုပ်မှာ ပေါက်ရောက်နေပါတယ်။ အဲဒီနေရာကိုရောက်ဖို့ တောင် ၁၂ တောင် ကျော်ဖြတ်ပြီး သောကမ့ေဂူကိုလွန်တာနဲ့ ရောက်ပါတယ်။ ကံကောင်းခြင်းအပင်က ဘယ်ထောင့် ဘယ်နေရာကနေ ထွက်ပေါ်လာမယ်ဆိုတာကို ကျုပ်သေချာတပ်အပ်မသိပေမယ့် အဲဒီတောအုပ်မှာ သူပေါက်မယ်ဆိုတာကိုတော့ ကျုပ်သိတယ်"

ခုနက အားတက်သရောဖြစ်နေတဲ့ အခြေအနေက ခဏာတွင်းချင်း ငြိမ်ကျသွားတယ်။ စင်အောက်မှာ အပ်ကျသံကြားရလောက်အောင် ခဏလောက်တိတ်ဆိတ်သွားခဲ့ပြီးမှ စိတ်ပျက်ညည်းတွားသံတွေဟာ ဘုရင့်နန်းတော်ရှေ့ ပန်းဥယျာဉ်ထဲကနေ ပျံ့လွင့်လာတော့တယ်။

ပျော်ရွှင်ခြင်းတောအုပ်က ကျယ်ပြောလွန်းလှပြီး သူ့ဧရိယာအကျယ်အဝန်းက တိုင်းပြည်အကျယ်အဝန်းနဲ့ မတိမ်းမယိမ်းရှိတယ်။ ပြီးတော့ စတုရန်းမိုင်ထောင်သောင်းမက ကျယ်ဝန်းတဲ့ အဲဒီမြေဧရိယာမှာ ဘယ်နားကြည့်ကြည့် ထူထပ်အုံ့ဆိုင်းတဲ့ သစ်ပင်တွေကိုသာ တွေ့ရမှာဖြစ်တယ်။ ဒီလိုကျယ်ပြောတဲ့ မြေဧရိယာပေါ်မှာ ကံကောင်းခြင်းအပင်လေးတစ်ပင်ကို ဘယ်လိုသွားရှာကြမလဲ။ ကောက်ရိုးပုံထဲမှာ အပ်ပျောက်ရှာတာကမှ အဆတစ်ထောင် လွယ်ပါဦးမယ်။ အပ်ပျောက်

mgyoe.com

mgyoe.com SAMPLE BOOK

ရှာတာကလည်း အပ်ကိုတွေ့နိုင်ခြေ များပါသေးတယ်။

ဒီလိုခက်ခဲတဲ့တာဝန်ကို ရင်ဆိုင်ရချိန်မှာ လူအများက နေရာကနေ ထွက်ခွာကုန်ကြတယ်။ ပါးစပ်ကလည်း တတွတ်တွတ် မကျေမနပ် ညည်းတွားကြတယ်။ မှော်ဆရာရှေ့ဖြတ်တော့ မှော်ဆရာကို မျက်စောင်းတစ်ချက်ခဲကြည့်ဖို့တောင် သူတို့မမေ့ခဲ့ကြဘူး။

"သဘာဝကျ ယုတ္တိရှိတဲ့ စိန်ခေါ်ပွဲရှိမှပဲ ကျုပ်ကို ထပ်အကြောင်းကြားတော့" လို့ တချို့က ဆိုကြတယ်။

"အစကတည်းက ဒီလိုအဓိပ္ပာယ်မဲ့တဲ့ခရီးမှန်းသိရင် ငါ အလောတကြီးပြေးလာစရာမလိုဘူးကွာ" စစ်သည်တော်တစ်ဦးက အဲဒီလိုရေရွတ်တယ်။

"ဒါ ဘာစိန်ခေါ်မှုလဲကွ၊ ငါတို့ကို သဲကန္တာရပို့ပြီး အပြာရောင်သဲတွေကို ရှာခိုင်းရင်တောင် ဒီထက်လွယ်ဦးမယ်" တချို့က လှောင်သံနဲ့ပြောတယ်။

စစ်သည်တော်တွေ သူတစ်ခွန်း ငါတစ်ခွန်းနဲ့ ပြောနေလိုက်ကြတာ ဥယျာဉ်တော်ကနေ ထွက်ခွာသွားတဲ့အထိပါပဲ။ နောက်မှ အသံတွေ တိတ်ဆိတ်ငြိမ်ကျသွားတော့တယ်။ ဒါပေမဲ့ လူနှစ်ယောက်က မှော်ဆရာနဲ့အတူ ကျန်ရစ်နေခဲ့ပါတယ်။

"ဘယ်လိုလဲ၊ မင်းတို့နှစ်ယောက်ကသွားဖို့ ဆုံးဖြတ်ထားကြပုံပဲ" မှော်ဆရာမေးလိုက်တယ်။

အနက်ရောင်ဝတ်ရုံဝတ်ဆင်ထားတဲ့ နောလို့ခေါ်တဲ့ စစ်သည်တော်တစ်ဦးက စကားပြန်ပါတယ်။

"ဒါက နည်းနည်းခက်ကောင်းခက်လိမ့်မယ်။ ပျော့ရွှင်ခြင်းတောအုပ်ကကျယ်လွန်းတယ်လေ။ ဒါပေမဲ့ ဘယ်သူ့ကို မေးမြန်းရမယ်ဆိုတာကို ကျုပ်သိပါတယ်။ ခင်ဗျားပြောတဲ့ ကံကောင်းခြင်းအပင်ကို ကျုပ်ရှာတွေ့မယ်လို့ ကျုပ်ယုံကြည်ပါတယ်။ ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင်က ကျုပ်အတွက်ပဲ"

နောက်တစ်ယောက် အဖြူရောင်ဝတ်ရုံဝတ်ထားတဲ့ စစ်လို့အမည်ရတဲ့စစ်သည်တော်က တစ်နေရာမှာ ဆိတ်ဆိတ်ငြိမ်ငြိမ်လေး ရပ်နေတယ်။ မှော်ဆရာကသူ့ကို သံသယအကြည့်နဲ့ ကြည့်လိုက်မှ သူစကားစပါတယ်။

"လူကို အဆုံးအစမဲ့ ကံကောင်းခြင်းတွေပေးလာနိုင်မယ့် အဲဒီထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင်ဟာ အဲဒီတောအုပ်ကြီးထဲမှာ ပေါက်ရောက်နေလိမ့်မယ်လို့ ခင်ဗျားပြောတာမှန်ခဲ့ရင် ဒါဟာ တကယ်ဖြစ်လာနိုင်တဲ့အရာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

ခင်ဗျား လျှောက်ပြောတာမဟုတ်ဘူးဆိုတာကို ကျွန်တော်ယုံလို့ ကျွန်တော်သွားရှာမှာပါ"

အဲဒီလိုနဲ့ နေ့က မြင်းမည်းပေါ်တက်၊ စစ်က မြင်းဖြူပေါ်တက်ပြီး တောအုပ်ရှိရာဆီ ခရီးနှင်ခဲ့ကြတော့တယ်။

♦ ♦ ♦

mgyoe.com